## Message Four

## ကျွန်ုပ်တို့၏ ဝိညာဉ်ဆိုင်ရာအစာ၊ ကျွန်ုပ်တို့၏ ဝိညာဉ်ဆိုင်ရာကျောက်နှင့် သခင်ဘုရား စားပွဲတော်၏ ပါဝင်သောအရာများ

ဖတ်ရန်ကျမ်း။ ။ ၁ကော၊ ၁၀း၃-၄၊ ၁၆-၁၇၊ ၂၁။ ၁၁း၂၃-၂၆

**I. ထွက်မြောက်ရာ ၁၆ ရှိ နက်နဲသော သမ္မာတရားမှာ ဘုရားသခင်သည် ကျွန်ုပ်တို့၏ စားသုံးနေကျ အစားအစာကို ဘုရားသခင်၏ ရွေးချယ်ခံလူများသည် ခရစ်တော်အားဖြင့် အသက်ရှင်စေရန်အတွက် ခမည်းတော် ဘုရားသခင် ပို့လွှတ်သည့် စစ်မှန်သော မန္နမုန့်၊ ကျွန်ုပ်တို့၏ ဝိညာဉ်ဆိုင်ရာ အစားအစာဖြစ်သော ခရစ်တော်ကို စားသုံးခြင်းသို့ ပြောင်းလဲပေးလိုသည် - ၁ကော၊၁၀း၃။ ယော၊ ၆း၃၁-၃၅၊ ၄၈-၅၁၊ ၅၇-၅၈။**

A. ဤစကြဝဠာ၌ ဘုရားသခင်၏ ကိန်းဝပ်ရာနေရာဖြစ်စေရန် ကျွန်ုပ်တို့၏ ပြန်လည်စေ့စပ်ထုံးဖွဲ့ခြင်း ဒြပ်သဘာဝနှင့် ကျွန်ုပ်တို့၏ မစထောက်ပံ့ရာအဖြစ် ခရစ်တော်ကို ကျွန်ုပ်တို့ စားသုံးသည့်အခါတိုင်းသည် ထာဝရအောက်မေ့ဖွယ်ဖြစ်လိမ့်မည် - ထွ၊ ၁၆း၁၆၊ ၃၂။

B. ရွှေအိုးထဲရှိ မန္နမုန့်သည် ဘုရားသခင့်ကိန်းဝပ်ရာနေရာ၏ အချက်အခြာဖြစ်သကဲ့သို့ ကျွန်ုပ်တို့အားဖြင့် စားသုံးလိုက်သော မန္နမုန့်ဖြစ်သော ခရစ်တော်သည် ယနေ့ ဘုရားသခင့် တည်ဆောက်ခြင်း၏ အချက်အခြာ ဖြစ်သည် - ဟေဗြဲ၊ ၉း၃-၄။ ဧ၊ ၄း၁၆။ ကော၊၂း၁၉။

C. ကျွန်ုပ်တို့၏အာဟာရ၊ ခွန်အားနှင့် ကျေနပ်မှုအတွက် ကျွန်ုပ်တို့ စားသုံးသည့် အတုမရှိသောမုန့်မှာ ခရစ်တော်ဖြစ်ရပေမည်၊ ထို့နောက် ဓမ္မသစ်ကျမ်းရှိ အတုမရှိသော အမှုတော်တစ်ခုမှာ ခရစ်တော်ကို ဘုရားသခင်၏ လူမျိုးများအတွက် အတုမရှိသော အစားအစာ အဖြစ်သိရှိစေသည် - စာရင်း၊ ၁၁း၅-၆။ ညွှန်း၊ တ၊ ၁း၁၇၊ ၂၅။ ၂ကော၊ ၄း၁။ ၁တိ၊ ၁း၁၂။ ၂ကော၊ ၃း၆။

D. ကျွန်ုပ်တို့၏ အတုမရှိသော အစားအစာ၊ ကျွန်ုပ်တို့၏ နေ့စဉ် မန္နမုန့်ဖြစ်သော ခရစ်တော်၏ သွင်ပြင်လက္ခဏာများသည် ကိုယ်တော်ကို ကျွန်ုပ်တို့ အဆက်မပြတ် မွေ့လျော်ဝမ်းမြောက်သည့်အားလျော်စွာ ကျွန်ုပ်တို့၏ ဇီဝဖြစ်စဉ်ပြောင်းလဲမှုမှတစ်ဆင့် ကိုယ်တော်၏ ကြီးမားကျယ်ပြန့်ခြင်းအတွက် ကျွန်ုပ်တို့၏ သွင်ပြင်လက္ခဏာများ ဖြစ်လာသည် - ယော၊၆း၅၇။ ဖိ၊၁း၂၀-၂၁။ ညွှန်း၊ ဂလ၊ ၆း၁၇။

1. မန္နမုန့်သည် နက်နဲခြင်း ဖြစ်သည် - ထွ၊၁၆း၁၅။ ကော၊၂း၂။ ဟေရှာ၊၉း၆။ ဧ၊၃း၄။ ယော၊၃း၈။
2. မန္နမုန့်သည် ကာလကြာရှည်စွာ အံ့သြဖွယ်ရာဖြစ်သည် - ထွ၊၁၆း၄။ ညွှန်း၊ မ၊ ၆း၃၄။
3. မန္နမုန့်သည် ကောင်းကင်မှ ဖြစ်သည် - ထွ၊၁၆း၄။ ယော၊၆း၄၁။
4. မန္နမုန့်သည် နှင်းနှင့်အတူ ရောက်လာသည် - ထွ၊၁၆း၁၃-၁၄။ စာရင်း၊၁၁း၉။ ဆာ၊၁၃၃း၃။ မြည်၊၃း၂၂-၂၃။ ဟေဗြဲ၊၄း၁၆။ ဆာ၊ ၁၁၀း၃။
5. မန္နမုန့်သည် မနက်ပိုင်း၌ ရောက်လာသည် - ထွ၊၁၆း၂၁။ ညွှန်း၊ သီချင်း၊၁း၆ခ။ ၇း၁၂။ ယော၊၅း၃၉-၄၀။ ရော၊၆း၄။ ၇း၆။
6. မန္နမုန့်သည် သေးငယ်သည် - ထွ၊၁၆း၁၄။ လု၊၂း၁၂။ ယော၊ ၆း၃၅။ ညွှန်း၊ သူကြီး၊၉း၉၊ ၁၁၊ ၁၃။ မ၊၁၃း၃၁-၃၂။
7. မန္နမုန့်သည် သန့်စင်သည် - ထွ၊၁၆း၁၄။ ယော၊၆း၁၂။
8. မန္နမုန့်သည် လုံးဝန်းသည် - ထွ၊၁၆း၁၄။ ယော၊၈း၅၈။
9. မန္နမုန့်သည် ဖြူသောအဆင်းရှိသည် - ထွ၊၁၆း၃၁။ ဆာ၊ ၁၂း၆။ ၁၁၉-၁၄၀။ ၂ကော၊ ၁၁း၃ခ။
10. မန္နမုန့်သည် နှင်းခဲကဲ့သို့ဖြစ်သည် - ထွ၊၁၆း၁၄။ သု၊၁၇း၂၇။
11. မန္နမုန့်သည် နံ့နံ့စေ့ကဲ့သို့ ဖြစ်သည် -ထွ၊၁၆း၃၁။ စာရင်း၊၁၁း၇။ လု၊၈း၁၁။
12. မန္နမုန့်သည် အစိုင်အခဲ ဖြစ်သည် - စာရင်း၊၁၁း၈။ ၂ကော၊ ၁း၄။ ဧ၊၆း၁၈။
13. မန္နမုန့်၏ အဆင်းမှာ ဗဒေလသစ်စေ့ကဲ့သို့ အဆင်းရှိသည် - စာရင်း၊၁၁း၇။ ဗျာ၊ ၄း၆၊ ၈။ ယေဇ၊၁း၁၈။
14. မန္နမုန့်၏ အရသာမှာ လတ်ဆတ်သောဆီအရသာနှင့် တူသည် - စာရင်း၊ ၁၁း၈။ ဆာ၊ ၉၂း၁၀။

15. မန္နမုန့်၏အရသာမှာ ပျားရည်နှင့်လုပ်သော မုန့်ကြွပ်နှင့် တူသည် - ထွ၊၁၆း၃၁။ ဆာ၊ ၁၁၉-၁၀၃။
16. မန္နမုန့်သည် မုန့်ပြားလုပ်ရန်အတွက် ကောင်းသည် - စာရင်း၊၁၁း၈။ ၁တိ၊ ၄း၆။

**II. ခရစ်တော်သည် ကိုယ်တော့်လူများ၏ နောက်လိုက်သည့် ဝိညာဉ်ဆိုင်ရာကျောက်ဖြစ်လာရန် အသေခံခဲ့သည်။ ဤနောက်လိုက်သည့် ကျောက်သည် အသက်ပေးသောဝိညာဉ်တော် တည်းဟူသော ရှင်ပြန်ထမြောက်သော ခရစ်တော်ဖြစ်ပြီး၊ ကိုယ်တော်၏ ယုံကြည်သူများကို  အသက်ရေဖြင့် မစထောက်ပံ့ပေးရန် အသင်းတော်နှင့်အမြဲအတူ ရှိနေသည် - ၁ကော၊ ၁၀း၄။ ထွ၊ ၁၇း၆။ စာရင်း၊ ၂၀း၈။ ယော၊ ၁၉း၃၄။**

A. ဘုရားသခင်၏ လူများအလယ်ရှိ ဒုက္ခပြဿနာမှာ အသက်၏ဝိညာဉ်တော်ကို ပံ့ဆောင်သည့် ရေ ပြတ်လပ်မှုကြောင့် ဖြစ်ပေါ်လာသည်။ ဘုရားသခင်၏ လူများသည် အသက်၏ဝိညာဉ်တော် လိုအပ်နေသည့်အခါတိုင်း သူတို့တွင် ပြဿနာရှိလိမ့်မည်။ ဘုရားသခင်၏လူများသည် ဝိညာဉ်တော် ကြွယ်ဝနေသောအခါ၊ သူတို့အကြားနှင့် ဘုရားသခင်အကြားရှိ သူတို့၏ ပြဿနာမှာ ဖြေရှင်းပြီး ဖြစ်သည် - စာရင်း၊ ၂၀း၂-၁၃။ ယော၊၇း၃၇-၃၉။ ရော၊၈း၂။

B. ခရစ်တော်သည် ကားတိုင်ပေါ်အသေခံတော်မူပြီး၊ ဝိညာဉ်တော်ကို ပေးအပ်ခဲ့ပြီ ဖြစ်သောကြောင့်၊ ခရစ်တော်သည် နောက်တစ်ဖန် အသေခံရန် မလိုအပ်တော့ပါ။ ဆိုလိုသည်မှာ အသက်ရေ စီးထွက်လာစေရန်အတွက် ကျောက်ကို နောက်တစ်ဖန် ရိုက်ရန် မလိုအပ်တော့ပါ။ ဘုရားသခင်၏ စီမံကိန်း၌ ခရစ်တော်သည် တစ်ကြိမ်တည်းသာ အသေခံရမည် - ဟေဗြဲ၊ ၇း၂၇။ ၉း၂၆-၂၈က။

C. ကားတိုင်ပေါ်အသေခံတော်မူသော ခရစ်တော်ထံမှ အသက်ရေကို လက်ခံရရှိရန် ကျွန်ုပ်တို့သည် "လှံတံကိုယူ၍" "ကျောက်ကို စကားပြော"ရန်သာ လိုအပ်သည် - စာရင်း၊ ၂၀း၈။

1. လှံတံကို ယူခြင်းသည် အသေခံခြင်း၌ရှိသော ခရစ်တော်နှင့် ထပ်တူဖြစ်ခြင်း ဖြစ်ပြီး၊ ခရစ်တော်၏သေခြင်းကို မိမိတို့ကိုယ်တိုင်နှင့် မိမိတို့၏အခြေအနေ၌ လက်တွေ့ယူဆောင်ခြင်းဖြစ်သည်။
2. ကျောက်ကို စကားပြောခြင်းသည် ရိုက်ခြင်းခံကျောက် တည်းဟူသော ခရစ်တော်ကို တိုက်ရိုက် စကားပြောခြင်း၊ ဝိညာဉ်တော်ကို ပေးအပ်ခဲ့ပြီးဖြစ်သည်ဟူသော အချက်ပေါ်တွင် အခြေတည်၍ အသက်၏ဝိညာဉ်တော်ကို ကျွန်ုပ်တို့အား ပေးရန် ကိုယ်တော်ထံ တောင်းလျှောက်ခြင်းဖြစ်သည် - ဆွန်း၊ ယော၊၄း၁၀။ လု၊၁၁း၁၃။
3. ကျွန်ုပ်တို့သည် ခရစ်တော်၏သေခြင်းကို မိမိတို့ကိုယ်တိုင်၌ လက်တွေ့ယူဆောင်ပြီး၊  ကျွန်ုပ်တို့အား ဝိညာဉ်တော်ကို ပေးရန် ယုံကြည်ခြင်းဖြင့် ခရစ်တော်ကို တောင်းလျှောက်ပါက၊ အသက်၏ကြွယ်ဝသော မစရာတည်းဟူသော အသက်ရှင်သော ဝိညာဉ်တော်ကို လက်ခံရရှိကြမည်ဖြစ်သည်။

D. ကျောက်ကို စကားပြောရမည့်အစား မောရှေသည် လူတို့ကို အမျက်ထွက်ကာ သူတို့အား ပုန်ကန်သူများဟု ပြစ်တင်လျက် ကျောက်ကို သူ၏လှံတံနှင့်နှစ်ကြိမ် ရိုက်လေသည် - စာရင်း၊ ၂၀း၉-၁၁။

1. မောရှေသည် လူများတို့ကို ပုန်ကန်သူများဟု အပြစ်တင်ခဲ့သည်၊ သို့သော် မောရှေကိုယ်တိုင်သည် ဘုရားသခင်၏ စကားတော်ကို ဆန့်ကျင်ပုန်ကန်ခဲ့သူ ဖြစ်သည် - အငယ်၊ ၂၄း ၂၇း၁၄။
2. မောရှေသည် အစ္စရေးအမျိုးသားတို့ရှေ့မှာ ကိုယ်တော့်ကို သန့်ရှင်းစင်ကြယ်စေရန် ယေဟောဝါ၌ မယုံကြည်ခဲ့ပါ - စာရင်း၊ ၂၀း၁၂။
   a. ဘုရားသခင်ကို သန့်ရှင်းစင်ကြယ်စေခြင်းဟူသည် ကိုယ်တော်ကို သန့်ရှင်းစေခြင်း သို့မဟုတ် အတုအယောင် ဘုရားများအားလုံးမှ ခွဲခြားထားခြင်း ဖြစ်သည်။ ဘုရားသခင်ကို သန့်ရှင်းစင်ကြယ်စေရန် ကျရှုံးခြင်းသည် ကိုယ်တော့်ကို သာမန်ဖြစ်စေခြင်းဖြစ်သည်။
   b. ဘုရားသခင် အမျက်မထွက်ဘဲ၊ လူတို့ကို အမျက်ထွက်ခြင်းမှာ မောရှေသည် ကိုယ်တော်၏သန့်ရှင်းသော သဘောသဘာဝ၌ ဘုရားသခင်ကို မှန်ကန်စွာ ကိုယ်စားမပြုဘဲ၊ ကျောက်ကို နှစ်ကြိမ်ရိုက်ခြင်း၌ သူသည် ဘုရားသခင်၏ စီမံကိန်း၌ရှိသော ကိုယ်တော်၏ စကားတော်ကို စောင့်ထိန်းမှုမရှိခဲ့ပေ။ ထို့ကြောင့် မောရှေသည် ဘုရားသခင်၏ သန့်ရှင်းသော သဘောသဘာဝနှင့် ကိုယ်တော်၏ ဘုရားဆိုင်ရာ စီမံကိန်း နှစ်ခုလုံးကို လွန်ကျူးခဲ့သည်။

c. ဤအကြောင်းကြောင့် သူသည် ဘုရားသခင်နှင့် ရင်းနှီးကျွမ်းဝင်သူ၊ ဘုရားသခင်၏ အဆွေခင်ပွန်းဖြစ်သော်လည်း (ထွ၊ ၃၃း၁၁) မောရှေသည် ကောင်းသောပြည်သို့ ဝင်ရောက်မည့် အခွင့်အရေးကို လက်လွှတ်ဆုံးရှုံးခဲ့ရသည်။

3. ဘုရားသခင်၏ လူတို့နှင့်စပ်လျဉ်း၍ ကျွန်ုပ်တို့ ပြောဆိုသမျှနှင့် လုပ်ဆောင်သမျှတို့၌ ကျွန်ုပ်တို့၏စိတ်နေသဘောထားသည် ဘုရားသခင်၏ သန့်ရှင်းသော သဘောသဘာဝအတိုင်း ဖြစ်ရမည်ဖြစ်ပြီး၊ ကျွန်ုပ်တို့ လုပ်ဆောင်ချက်သည် ကိုယ်တော်၏ ဘုရားဆိုင်ရာ စီမံကိန်းအတိုင်းဖြစ်ရမည်။ ဤသည်ကား ကိုယ်တော့်ကို သန့်ရှင်းစင်ကြယ်စေခြင်းဖြစ်သည်။ သို့မဟုတ်လျှင် ကျွန်ုပ်တို့၏စကားနှင့် လုပ်ဆောင်မှုတို့၌ ကျွန်ုပ်တို့သည် ကိုယ်တော့်ကို ဆန့်ကျင်ပုန်ကန်ခြင်း ဖြစ်ကာ၊ ကိုယ်တော့်ကို လွှန်ကျူးလိမ့်မည် ဖြစ်သည်။

## III. သခင်ဘုရား စားပွဲတော်၏ ပါဝင်သောအရာအဖြစ် ခရစ်တော်သည် ဘုရားသခင့် ဓမ္မသစ်စီမံကိန်း၏ စစ်မှန်ခြင်း ဖြစ်သည် - ၁ကော၊၁၀း၁၆-၁၇၊ ၂၁။ ၁၁း၂၃-၂၆။

A. သခင်ဘုရား စားပွဲတော်၏အလေးပေးမှုမှာ ကိုယ်တော့်အသွေးတော်နှင့် ကိုယ်ခန္ဓာကို မိတ်သဟာယဖွဲ့ခြင်း၊ သခင်ဘုရား၌ ပါဝင် ဆက်ဆံခြင်း၊ မိတ်သဟာယဖွဲ့ခြင်းခြင်း၌လည်းကောင်း၊ အပြန်အလှန်တည်နေခြင်း၌လည်းကောင်း သခင်ဘုရားကို မွေ့လျော်ဝမ်းမြောက်ခြင်း ဖြစ်သည် - ၁၀း၁၆-၁၇၊၂၁။

1. သခင်ဘုရားသည် သူကိုယ်တော်တိုင်ကို ကျွန်ုပ်တို့အား ပေးခဲ့ပြီး ဖြစ်သည်၊ သို့မှသာ ကျွန်ုပ်တို့သည် ကိုယ်တော်ကို ကျွန်ုပ်တို့၏ပွဲတော်အဖြစ်ယူဆောင်နိုင်ပြီး၊ ကိုယ်တော်ကို စားသုံး၊ သောက်သုံးခြင်းအားဖြင့် ကိုယ်တော်ကို မွေ့လျော်ဝမ်းမြောက်နိုင်မည် ဖြစ်သည်။ ကျွန်ုပ်တို့၏ပွဲတော်၊ ကောင်းသောမြေထွက်ကုန်၏ စစ်မှန်ခြင်းဖြစ်လာရန်အလို့ငှာ ခရစ်တော်သည် ဖြစ်စဉ်ကို ဖြတ်ကျော်ရမည် - ညွှန်း၊ တရား၊ ၈း၇-၁၀။

a. အကယ်၍ ခရစ်တော်သည် လူ့ဇာတိခံခဲ့ခြင်းမရှိခဲ့ပါက၊ ကိုယ်တော်သည် အသွေးနှင့် ခန္ဓာမရှိနိုင်ပါ။ လူ့ဇာတိခံခြင်းအားဖြင့် ခရစ်တော်သည် အသွေးအသားနှင့်အတူ လူသားကိုယ်ခန္ဓာကို ယူတင်ဝတ်ဆင်ခဲ့သည် - ဟေဗြဲ၊ ၂း၁၄။

b. အကယ်၍ ခရစ်တော်သည် ကားတိုင်ပေါ်အသေခံခြင်းမရှိခဲ့ပါက ကိုယ်တော်၏အသွေးသည် ကိုယ်တော်၏ ကိုယ်ခန္ဓာမှ ခွဲခြားနိုင်မည် မဟုတ်ပေ။ ကားတိုင်ပေါ်အသေခံခြင်းအားဖြင့် ကိုယ်တော်၏အသွေးသည် ကိုယ်တော်၏ ခန္ဓာမှ ခွဲခြားခံရသည် - ယော၊၆း၅၃-၅၅။

c. အကယ်၍ ခရစ်တော်သည် ရှင်ပြန်ထမြောက်ခြင်းမရှိခဲ့ပါက ကိုယ်တော်သည် ကျွန်ုပ်တို့၏ အစာအဖြစ် စားပွဲပေါ်တွင် ရှိနိုင်မည်မဟုတ်ပေ။ ရှင်ပြန်ထမြောက်ခြင်း၌ ကျွန်ုပ်တို့၏ အာဟာရနှင့် ကျွန်ုပ်တို့၏ မွေ့လျော်ဝမ်းမြောက်ရန် အတွက် ပွဲတော်အဖြစ် ကိုယ်တော်ကို စားပွဲပေါ်တွင် ကျွေးမွေးပေးခဲ့သည် - ၁ကော၊ ၁၅း၄၅ခ။ ၂ကော၊ ၃း၁၇။

2. သခင်ယေရှုသည် “မုန့်ကို ယူ၍ ကောင်းချီးပေးပြီးမှ မုန့်ကို ဖဲ့ပြီး၊ တပည့်တော်တို့အား ပေးတော်မူ၍၊ ဤမုန့်ကား ငါ၏ကိုယ်ဖြစ်၏။ ယူ၍ စားကြလော့ဟု မိန့်တော်မူ၏” - မ၊ ၂၆း၂၆။

a. မုန့်သည် အသက်၊ ဘုရားသခင်၏အသက်၊ ထာဝရအသက်ကို ရည်ညွှန်းသည်။ မုန့်သည် သခင်ဘုရား၏ ရုပ်ပိုင်းဆိုင်ရာ ကိုယ်ခန္ဓာကို ပုံဆောင်ပြီး၊ ယင်းသည် ကျွန်ုပ်တို့အထဲသို့ အသက်ထည့်သွင်းပေးရန်အလို့ငှာ ကားတိုင်ပေါ်ပေးအပ်တော်မူခဲ့သည် - ယော၊ ၆း၃၅၊ ၅၇၊ ၆၃။ လု၊ ၂၂း၁၉။

b. မုန့်သည် သခင်ဘုရား၏ နက်နဲသော ကိုယ်ခန္ဓာတော်ကိုလည်း ပုံဆောင်ပြီး၊ ခရစ်တော်သည် ဘုရားဆိုင်ရာ စီမံအုပ်ချုပ်မှုကို ပြီးမြောက်ပြည့်စုံစေရန်အတွက် ကိုယ်တော်၏ ကောင်းကင်ဆိုင်ရာ အမှုတော်ကို သယ်ဆောင်ရန် နည်းလမ်းဖြစ်သည် - ၏၊ ၁း၂၂-၂၃။ ၄း၁၆။ ဗျာ၊ ၅း၆။

c. သခင်ဘုရား၏ ဘုရားဆိုင်ရာ အသက်၌ ပါဝင်ဆက်ဆံခြင်း၊ အသက်မုန့်အဖြစ် ကိုယ်တော်ကို စားသုံး မွေ့လျော်ခြင်းအားဖြင့် ကျွန်ုပ်တို့သည် ကိုယ်တော်၏ နက်နဲသော ကိုယ်ခန္ဓာတော်၊ ကိုယ်တော်၏ ကြီးမားကျယ်ပြန့်ခြင်း ဖြစ်လာသည် - ၁ကော၊ ၁၀း၁၇။ ၁၂း၂၇။

3. သခင်ယေရှုသည် ခွက်ကိုလည်း ယူ၍ ကျေးဇူးတင်စကားပြောပြီးမှ သူတို့အားပေးတော်မူ၍ “သင်တို့ရှိသမျှသည် သောက်ကြလော့။ ဤခွက်ကား ပဋိညာဉ်တရားသစ်နှင့်ဆိုင်၍ လူများတို့၏ အပြစ်ကို လွတ်စေခြင်းငှာ သွန်းသော ငါ၏အသွေး ဖြစ်၏” - မ၊ ၂၆း ၂၇-၂၈။
   a. ခွက်သည် ကောင်းချီးမင်္ဂလာကို ရည်ညွှန်းပြီး၊ ကျွန်ုပ်တို့၏ ဝေစုဖြစ်တော်မူသော ဘုရားသခင်ကိုယ်တော်တိုင် ဖြစ်သည် - ဆာ၊၁၆း၅။
   b. သခင်ဘုရား၏ ကယ်တင်ပေးခြင်းသည် ကျွန်ုပ်တို့၏ ဝေစု၊ ခွက်လျှံလျှကျစီးဆင်းနေသော ကယ်တင်ခြင်းခွက် ဖြစ်လာပြီး၊ ၎င်း၏ပါဝင်သောအရာမှာ အရာအားလုံးပါဝင်သော ကောင်းချီးမင်္ဂလာတည်းဟူသော ဘုရားသခင် ဖြစ်သည် - ၁၁၆း၁၃။ ၂၃း၅။
   c. ပဋိညာဉ်တရားသစ်၏အသွေးတော်ဖြစ်သော ခရစ်တော်၏အသွေးသည် ကျွန်ုပ်တို့အား ပဋိညာဉ်သစ်အထဲသို့ ပို့ဆောင်ပေးကာ၊ ၎င်း၌ ဘုရားသခင်သည် ကျွန်ုပ်တို့အား နှလုံးသစ်၊ ဝိညာဉ်သစ်၊ ကိုယ်တော်၏ ဝိညာဉ်တော်၊ အသက်၏အတွင်းတရားနှင့် ဘုရားသခင်ကို သိနိုင်ရန်၊ ဘုရားသခင်ကို ပိုင်ဆိုင်နိုင်ရန်၊ ဘုရားသခင်အားဖြင့် ပိုင်ဆိုင်ခံရနိုင်စေရန်အစွမ်းကို ပေးတော်မူပြီး၊ ခွင့်လွှတ်ခြင်းနှင့် ကျွန်ုပ်တို့၏ ဒုစရိုက်အပြစ်များအားလုံးကို မေ့ထားစေသော ကောင်းချီးမင်္ဂလာကို ရရှိစေသည် - ယေဇ၊၃၆း၂၆-၂၇။ လု၊ ၂၂း၂၀။ ဟေဗြဲ၊၈း၁၀-၁၂။ ဆာ၊၁၀၃း၁-၃၊ ၁၂။
   d. ပဋိညာဉ်၏အသွေးတော်သည် ကျွန်ုပ်တို့အား ကိုယ်တော်၏ လှုပခြင်းကို ကျွန်ုပ်တို့ကြည့်ရှုရာနေရာ၊ အသန့်ရှင်းဆုံးဌာန၌ဘုရားသခင်၏ မျက်မှောက်တော်အထဲသို့လည်းကောင်း၊ ဘုရားသခင်၏ ပို့လွှတ်ပေးခြင်း ဖြည့်သွင်းပေးခြင်းအထဲသို့လည်းကောင်း၊ ဘုရားသခင်ကို ထာဝရမွေ့လျော်ဝမ်းမြောက်ရာ အထဲသို့လည်းကောင်း ပို့ဆောင်ပေးသည်။ ဤနည်း၌ ဘုရားသခင်ကို မွေ့လျော်ဝမ်းမြောက်ခြင်းသည် ဘုရားသခင်၏ လူကို ထွက်ပေါ် စေသည် - ၂၇း၄။ ထွ၊ ၂၄း၈။ ညွှန်း၊ ဝတ်၊၁၆း၁၁-၁၆။
   e. အဆုံးစွန်အနေဖြင့် ပဋိညာဉ်၏အသွေးတော်၊ ထာဝရပဋိညာဉ်သည် ဘုရားသခင်၏ လူတို့ကို ယခုနှင့်နောင်ထာဝရကာလတိုင် အသက်ပင်နှင့် အသက်ရေ တည်းဟူသော ဘုရားသခင်ကို အပြည့်အဝ မွေ့လျော်ဝမ်းမြောက်ခြင်းအထဲသို့ ဦးဆောင်ပေးသည် - ဟေဗြဲ၊၁၃း၂၀။ ဗျာ၊၇း၁၄၊ ၁၇။ ၂၂း၁-၂၊ ၁၄၊ ၁၇။

B. “အကြောင်းမူကား သင်တို့သည် ထိုမုန့်ကို စား၍၊ ထိုခွက်ကို သောက်သောအခါခါ၊ သခင်ဘုရား အသေခံတော်မူခြင်းကို ကြွလာတော်မမူမီတိုင်အောင် ပြကြ၏” - ၁ကော၊ ၁၁း၂၆။ ညွှန်း၊ ရော၊ ၅း၁၀။
   1. သခင်ဘုရား၏အသေခံခြင်းကို ကြွေးကြော်ခြင်းသည် သခင်ဘုရား၏အသေခံခြင်းကို ကြေညာခြင်းနှင့် ပြသခြင်း ဖြစ်သည်။ ကိုယ်တော်၏ အသက်လွတ်မြောက်စေသော အသေခံခြင်းကို ကြွေးကြော်ခြင်းမှာ အသင်းတော်ကို ထုတ်လုပ်ရန် ကိုယ်တော်၏တရားရေးဆိုင်ရာ ရွေးနုတ်ခြင်းအတွက် ကိုယ်တော်၏ပထမအကြိမ် ကြွလာခြင်းကို ကြွေးကြော်ခြင်း ဖြစ်သည် - ယော၊ ၁၂း၂၄။ ၁၉း၃၄။
   2. *တိုင်အောင်* ဆိုသည်မှာ ကိုယ်တော်၏ ရှင်သန်သော ကယ်တင်ခြင်းဖြစ်စဉ်၌ ခရစ်တော်ကို စားသုံးခြင်းနှင့် သောက်သုံးခြင်းအားဖြင့် ကိုယ်တော်၏ ပထမအကြိမ်ကြွလာခြင်းနှင့် ဒုတိယအကြိမ် ကြွလာခြင်းအကြားရှိ ကွာဟခြင်းကို အသင်းတော်သည် ပေါင်းကူးပေးခြင်းအား ဆိုလိုသည်။
   3. ကိုယ်တော်ကြွလာခြင်းသည် မဿဲ၊ ၂၆း၂၉ ၌ “ငါဆိုသည်ကား၊ စပျစ်ပင်မှ ထွက်သော ဤအရာကို ငါ့ခမည်းတော်၏ နိုင်ငံတော်၌ သင်တို့နှင့်အတူ အသစ်တစ်ဖန် ငါမသောက်မီနေ့တိုင်အောင် ယခုမှစ၍ ထိုအရာကို ငါမသောက်ရ” ဟု သခင်ဘုရားမိန့်တော်မူသည်အတိုင်း မြေကြီးပေါ် ဘုရားသခင်၏နိုင်ငံတော်ကို တည်ထောင်ရန် ကိုယ်တော်၏ ဒုတိယအကြိမ် ကြွလာခြင်းဖြစ်သည်။
   4. ထို့ကြောင့် ကိုယ်တော်ကြွလာတော်မူသည့်တိုင်အောင် သခင်ဘုရား၏ အသေခံခြင်းကို ကြွေးကြော်ခြင်းမှာ နိုင်ငံတော်ကို ယူဆောင်လာရန်အတွက် အသင်းတော်၏ တည်ရှိခြင်းကို ကြွေးကြော်ခြင်းဖြစ်သည်။ သခင်ဘုရား၏ ညစာစားပွဲကို ကျွန်ုပ်တို့ စားသုံးခြင်းမှာ ကိုယ်တော်၏ ကြွလာခြင်းနှစ်ခုလုံးကို အောက်မေ့သတိရခြင်းကို ဖြစ်ပေါ်စေမည်ဖြစ်သည်။

*© 2024 Living Stream Ministry*